လယ်ယာ ကျေးရွာ
မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ( ၂၀၂၀ - ၂၀၂၁ )

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့
ပခုက္ကူမြို့နယ်၊ လယ်ယာအုပ်စု၊ လယ်ယာကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| မာတိကာ | | ၄ |
| စကားချီ | | ၅ |
| ပခုက္ကူမြို့နယ်၊ လယ်ယာကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၇ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၈ |
| ၁။ | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၉ |
| ၂။ | **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | ၁၀ |
| ၃။ | ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၁၀ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၀ |
| | ( ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၀ |
| | ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၁ |
| | (ဃ) ကျန်းမာရေးနှင့် အဟာရ | ၁၁ |
| | ( င) ပညာရေး နှင့် ကျွမ်းကျင်မှုများ | ၁၂ |
| | ( စ) ကျား/ မ ဆိုင်ရာ ဆက်နွှယ်မှု | ၁၃ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၄ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၅ |
| ၆။ | ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | ၁၅ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ | ၁၆ |
| | (က) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ | ၁၆ |
| | (ခ) ဖွံ့ဖြိုးရေး မိတ်ဖတ်အဖွဲ့အစည်း | ၁၇ |
| | (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၁၇ |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၁၇ |
| ၈။ | စီမံကိန်းအား စဉ်ဆက်မပျက် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း | ၁၇ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၁၇ |
| | (ခ) နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | ၁၈ |
| | (ဂ) နည်းပညာဆိုင်ရာ အကူအညီ | ၁၉ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၂၀ |
| | ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၂၀ |
| | ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၂၄ |
| | ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၂၅ |
| | ဇယား (၅) ဓာတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၂၅ |
| | ဇယား (၆) ဥစ္စာနေအဆင့် အခြေအနေ | ၂၆ |

| | | |
|---|---|---|
| ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၇ |
| ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၇ |
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၂၈ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၂၉ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၃၁ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၂ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၄ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၃၄ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၅ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၅ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၆ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၇ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၃၇ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၃၈ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၃၉ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၁ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၂ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၃ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၄ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၄ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၄၄ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၄၅ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၄၆ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၄၇ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၄၈ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၄၈ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၄၉ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၄၉ |
| ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၀ |

ဇယား (၃၆)	ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ	၅၀
ဇယား (၃၇)	သောက်သုံးရေ ရရှိနိုင်မှု	၅၁
ဇယား (၃၈)	အိမ်သာ အမျိုးအစား	၅၂
ဇယား (၃၉)	ကျား - မ ရေးရာ	၅၂
ဇယား (၄၀)	ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ	၅၂
ဇယား (၄၁)	ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ	၅၃
ဇယား (၄၂)	ရေကြောင်းသယ်ယူပို့ဆောင်ရေး	၅၅
ဇယား (၄၃)	သယ်ယူပို့ဆောင်ရေးယာဉ်များ	၅၆
ဇယား (၄၄)	လျှပ်စစ်မီးရရှိမှု အခြေအနေ	၅၆
ဇယား (၄၅)	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ	၅၇
ဇယား (၄၆)	ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ	၅၇
ဇယား (၄၇)	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု	၅၈
ဇယား (၄၈)	မှုခင်းဖြစ်ပွားမှု အခြေအနေ	၅၈
၇။	ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ	၅၉

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ လယ်ယာ ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ (VDP) ကျေးရွာ အဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လယ်ယာကျေးရွာသူ/ သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ် ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိက အခက်အခဲဖြစ်နေသော ကျေးရွာတွင်း စုရပ်ဆောင်နှင့် ခြံစည်းရိုးတည်ဆောက်ခြင်း လုပ်ငန်းကို ပထမ ဦးစားပေး အနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး အဆောက်အဦ ဆောက်လုပ်ခြင်း နည်းပညာ ဆိုင်ရာ ပူးပေါင်း ပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက် ဝန်ထမ်းများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက် အလက်များကို စီမံကိန်းရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေး အမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံ များကို ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက နားလည် သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ ကျေးရွာသူ/ သား များသည် မိမိတို့ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ကျေးရွာ လူထုသည်သာ အဓိက ပဓာန ကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေ ပြည်သူများ၏ ဘဝနှင့် ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်း ဖြစ်ကြောင်းကိုလည်း နားလည် သဘောပေါက်လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တတ်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင် အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)

တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇူလိုင်လ၊ ၂၀၂၁ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လယ်ယာကျေးရွာ
ပခုက္ကူမြို့နယ်

# လယ်ယာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ် နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်း ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင် မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/ တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာ ဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှု များကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲ ချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိက နေရာတွင် ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ် ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာရောက်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်း အခက်အခဲများရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက် များကိုသာ ဦးစားပေး စီမံကိန်း များအဖြစ် ရွေးချယ်သွားပါမည်ကျေးရွာဒေသခံမျာ အသိပညာ စွမ်းဆောင်နိုင်မှုဗဟုသုတနှင့် လိုအပ် သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ ဆောင်ရွက်သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

လယ်ယာကျေးရွာသည် ဧရာဝတီမြစ် မြောက်ဘက်ခြမ်း ပခုက္ကူ-ပေါက် ကားလမ်းမကြီး၏ မြောက်ဘက်ထံတွင်တည်ရှိပြီး ပခုက္ကူမြို့နယ်နှင့် ၄ မိုင်ခန့် အကွာတွင် တည်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာကျေးရွာတွင် ယာမြေ (၈၇၅.၃၁)ဧက ရှိပြီး ပဲစဉ်းငုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း စသည့် သီးနှံများ စိုက်ပျိုးကြပါသည်။ စားကျက်မြေမှာ (၅) ဧက ရှိပြီး ပဲရိုး၊ ပဲမှော်၊ ပြောင်းရိုး၊ နှမ်းရိုး များကို နွားစာအဖြစ် ကျွေးကြပါသည်။ နွားစာ မလုံလောက်ပါက ဆယ်ရွာ၊ ရွာသစ်ကုန်း နှင့် လက်ပံကန် စသည့် ကျေးရွာများမှ နွားစာ ဝယ်ယူကျွေးမွေးကြရပါသည်။လယ်ယာရွာ၏ အနောက်ဘက်တွင် ချောင်း(အကျယ်-အသင့်အတင့်) ရှိသဖြင့် သဲများ အနည်းငယ် ရရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၅၇)စုရှိပြီး ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျားဦးရေ (၇၀၅) ဦး၊ မ-ဦးရေ (၇၉၉) ဦး ရှိပြီး တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ (၅) ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅) ဦး နှင့် ကိုက်ညီပါသည်။ ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်အကိုင် လုပ်ကိုင်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း (၃၃%) ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်သော လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေးတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ပါသည်။အလုပ်လုပ်နိုင်သည့် အမျိုးသား ဦးရေသည် အမျိုးသမီး ဦးရေထက် (၂၀%) ခန့် ပိုများပါသည်။ပခုက္ကူမြို့နှင့် နီးသော်လည်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး လူငယ် အများစုမှာ မိသားစု စားဝတ်နေရေးကိုသာ အလေးထား နေရသဖြင့် ဖွံ့ဖြိုးမှုဆိုင်ရာ လေ့လာမှု အားနည်းနေသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အခြေ အနေမှာ အားနည်းနေပါသည်။

### (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

လယ်ယာကျေးရွာတွင် စိုက်ပျိုးရေး၊ပန်းရန်၊ လက်သမား၊ အုတ်လုပ်သားနှင့် အရောင်းအဝယ် လုပ်ငန်း စသည်တို့ကို လုပ်ကိုင်ကြပြီး ကျား/မ နေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျပန်း လုပ်သား များပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ချောင်းသဲ ရရှိသဖြင့် အုတ်ရိုက်လုပ်ငန်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပါသည်။ ပြည်တွင်း/ပြည်ပသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်ကြသူများ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စု (၁၅) စု ခန့်ရှိပြီး တောင်သူလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်း၊ ကားမောင်းလုပ်ငန်းတို့ကို အဓိက ထားလုပ်ကိုင်ကြပါသည်။ မြေယာ ပိုင်ဆိုင်မှုမှာ ဧက (၁၀) ဧကမှ (၂၀)ဧက အထိ ပိုင်ဆိုင်ကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများတွင် နွားအကောင်ရေ အနည်းဆုံး (၂) ကောင်မှ အများဆုံး (၅) ကောင်ထိ ပိုင်ဆိုင်ကြပါသည်။ တီဗီ (၁) လုံး၊ ကား(၁)စီး၊ ထွန်စက်(၁) စီး၊ ဖုန်း (၁လုံး) မှ (၂လုံး)၊ ဆိုင်ကယ် အနည်းဆုံး (၁)စီးမှ (၂) စီး၊ ယင်လုံအိမ်သာ (၁) လုံး စီ ပိုင်ဆိုင်ကြပါသည်။

ချမ်းသာသော အိမ်ထောင်စု တစ်စုတွင် ထွန်စက် (၁) လုံး၊ ခြွေလှေ့စက် (၁) လုံးစီ ပိုင်ဆိုင်ကြပါသည်။ကားပိုင်ဆိုင်သော အိမ်ထောင်စု (၇) စု ရှိပါသည်။ အလယ်အလတ် ချမ်းသာသော အိမ်ထောင်စု (၁၀၀) ခန့် ရှိပါသည်။ ထိုအိမ်ထောင်စုများတွင် မြေယာ အနည်းငယ်စီ၊ ဖုန်း (၁)လုံးမှ (၂) လုံး၊ တီဗီ (၁) လုံး၊ နွား(၂)ကောင်မှ (၅)ကောင်အထိ ပိုင်ဆိုင်ကြပါသည်။စက်ချုပ်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၁၀) စုခန့်ရှိပြီး အရောင်းအဝယ် လုပ်ငန်းများ ဖြစ်သော အိမ်ဆိုင် လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ထိုအိမ်ထောင်စုများတွင် မြေဧက (၅)ဧကမှ (၁၀)ဧကအထိ ပိုင်ဆိုင်ကြပါသည်။မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများတွင် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ကြပါသည်။တောင်သူများထံတွင် စာရင်းငှား လုပ်ကိုင်ကြပါသည်။ လက်သမားနှင့် ပန်းရန်လုပ်ငန်း လုပ်ကိုင်သူ (၁၀၀) ခန့် ရှိပါသည်။ ဆိုင်ကယ်ပြုပြင်သူ (၃) ဦးခန့် ရှိပါသည်။ပခုက္ကူမြို့သို့ နံနက်စောစောထ၍ ဈေးသွားဝယ်ပြီး ရပ်ကွက်၊ ပေါက်လမ်းဘေး ရွာများသို့ လှည့်လည်ပြီး ဈေးရောင်းချသော အမျိုးသမီး (၁၀) ဦးခန့် ရှိပါသည်။မတူပီ၊ မင်းတပ်နှင့် မန္တလေးမြို့ များသို့ သွားသော လိုင်းကားမောင်းသူများလည်း အနည်းငယ်ရှိပါသည်။လယ်ယာကျေးရွာသည် စိုက်ချိန်၊ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် တောင်သူကျပန်း အလုပ်လုပ်ကိုင်ကြပြီး ရိတ်သိမ်းချိန် မဟုတ်သည့် အချိန်များတွင်း ကြုံရာကျပန်း လုပ်ကိုင်သူများလဲ ရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

လယ်ယာကျေးရွာရှိ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၅၀%) ခန့် လေ့လာဆန်းစစ်ချက်အရ ထိုအိမ်ထောင်စုများ၏ (၃)လမှ (၆)လ ကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၅၀) ရှိပါသည်။ (၆)လ မှ (၁၂) လ အထိ ဝမ်းစာ ဖူလုံသည့် (၂၀) ခန့် ရှိပါသည်။ (၃)လ နှင့် (၆) လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများနှင့် ကျပန်း အလုပ်သမားများသည် ချေးငွေ အဖွဲ့အစည်းများထံမှ ချေးယူ စားသောက်ကြပါသည်။ ကျေးရွာတွင် မသန်မစွမ်းသူ ကျား (၁၀) ဦး၊ မ(၈) ဦး ရှိပါသည်။ ဆင်းရဲ၍ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုတွင် မိသားစုဝင် အနည်းဆုံး (၂) ဦးမှ အများဆုံး (၅) ဦးထိ ရှိပါသည်။ ကျေးရွာတွင် စားနပ်ရိက္ခာ ဖူလုံမှု မရှိသော်လည်း အဖွဲ့အစည်းများထံမှ ချေးယူစားသောက်နေကြသည့်အတွက် ဝမ်းစာဖူလုံမှု ရှိသည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် လယ်မြေ/ယာမြေ များရှိသော်လည်း စိုက်ပျိုးရန်အတွက် မြေဆီ/မြေဩဇာ ကောင်းမွန်သည့် လယ်မြေ/ယာမြေများ ရှားပါးပါသည်။ယာမြေများတွင် ရေတွင်းတူးရန် ခက်ခဲသဖြင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြရသဖြင့် မိုးခေါင်ရာသီဥတုနှင့် ကြုံတွေ့သော်အခါ သီးနှံများ မထွက်ရှိသဖြင့် အရင်းအနှီး ဆုံးရှုံးမှုနှင့် ကြုံတွေ့နေကြရပါသည်။မိုးရာသီ၊ မြစ်ရေကြီးချိန်များတွင် လယ်မြေများ အတွင်းသို့ ချောင်းရေ၊မြစ်ရေများ ဝင်ရောက်သဖြင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လယ်မြေ/ယာမြေ သိမ်းချိန်များ၌ ကျပန်းလုပ်သားသည် အလုပ်မရှိသဖြင့် အကြွေးတင်ရှိမှု ရှိသော အိမ်ထောင်စုများလဲ ရှိပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

လယ်ယာကျေးရွာတွင် ရွာသူ/ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ် အများစုလည်း ကျန်းမာကြပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးနှံမှု၊ အာဟာရ မှတ်တမ်းရယူမှုများ ရှိပါသည်။ကျောင်းကော်မတီမှ ကျောင်းသား/သူများအား တစ်နှစ်လျှင် တစ်ကြိမ် အာဟာရ တိုက်ကျွေးပါသည်။ ကျေး

ရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသဖြင့် ကံလှကျေးရွာနှင့် ရွာသစ်ကုန်း ကျေးရွာများသို့ သားဖွား ခြင်းနှင့် အထွေထွေရောဂါ ကုသခြင်းများကို သွားရောက် ဆေးကုသကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးကား မရှိသဖြင့် ဆိုင်ကယ်၊ကားများကို ငှား၍ သွားရောက်ပြီး လူနာများကို ပို့ဆောင်ကုသကြရပါသည်။လူမှုကာကွယ်စောက်ရှောက်သည့် အဖွဲ့မှ အသက်(၈၀) နှစ် အထက် ဘိုးဘွားများကို (၃) လ တစ်ကြိမ် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးပါသည်။ မသန်စွမ်းသူများကို လည်း ငွေကြေးလာရောက် ထောက်ပံ့မှုများ ပြုလုပ်ပေးပါသည်။ ကျောင်းသား/သူများကိုလည်း ကျန်းမာရေးဌာနမှ လာရောက်၍ ကာကွယ်ဆေးထိုးခြင်း၊အာဟာရတိုက်ကျွေးခြင်းများ ပြုလုပ်ပါ သည်။ရပ်ရွာမှ တန်ခူးလတွင် (၈၀) နှစ်အထက် ဘိုးဘွားများကို တစ်နှစ်လျှင် တစ်ကြိမ် သက်ကြီး ပူဇော်ပွဲများ၊ အာဟာရ တိုက်ကျွေးပွဲများ၊ ရွာသူ/ရွာသားများအားလုံးလည်း အာဟာရ တိုက်ကျွေး မှုများ ပြုလုပ်ပေးပါသည်။ရပ်ရွာမှ ဖွဲ့စည်းထားသော နာရေးကူညီမှုအသင်း တစ်ခုလည်း ရှိပါ သည်။ပခုက္ကူမြို့နယ် ဆေးရုံကြီးတွင် အခန်း၊ ကုတင် လုံလောက်မှု မရှိပါ။ ကျေးရွာ အနီးအနားတွင် ဆေးဆိုင် မရှိသည့်အတွက် ကုန်စုံဆိုင်များတွင် အကိုက်အခဲပျောက်ဆေးများကို လွယ်ကူစွာ ဝယ်ယူ သုံးစွဲကြပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

လယ်ယာကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိ ရပါသည်။ရွာသူ/ရွာသားအများစုသည် အခြေခံအရေး/အဖတ် တို့ကို တက်မြောက်ကြပြီး ဘွဲ့ရ အရေ အတွက် အသင့်အတင့် များပြားပါသည်။ယခုအခါတွင် KG တန်းမှစ၍ မူလတန်းအဆင့် တက်ရောက် သင်ကြားနေသော ကျောင်းသား/သူများလည်း အများအပြား ရှိပါသည်။ အထက်တန်းအဆင့်တွင် (၁၀)တန်း မအောင်မြင်သူများလည်း ရှိ၍ ကျောင်းထွက်ပြီး မိဘ လက်ငုတ်လက်ရင်းဖြစ်သော တောင်သူ၊ ဈေးရောင်း၊ ကျပန်း အလုပ်လုပ်ကိုင်သော လူငယ်များလည်း ရှိနေပါသည်။ မူလတန်း အဆင့် တွင် ကျောင်းသုံးပရိဘောဂများ မပြည့်စုံသေးပါ။ကျောင်းဝန်း၏ စတုရန်းပေမှာ (၇၀၀၀) ခန့် ကျော်ခန့်ရှိပါသည်။ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများကို ကျောင်းကော်မတီမှ အလှူခံ၍ ကျောင်းသူ/သားများကို ထောက်ပံ့ပေးသော်လည်း ကျောင်းသားဦးရေ များပြားသဖြင့် လုံလောက်မှု မရှိပါ။ကျေးရွာတွင် ဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ကျေးရွာတွင် လက်သမား၊ပန်းရန် လုပ်ကိုင်သူ (၅၀) ခန့်ရှိပြီး ကျွမ်းကျင်စွာ တက်မြောက်သည်ကို တွေ့ရှိရပါသည်။အမျိုးသမီး (၁၅) ယောက်ခန့် စက်ချုပ်သည့် ပညာ တက်မြောက်ကြပြီး ပေါက်လမ်းမကြီး လမ်းဘေး ဝဲ/ယာများတွင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်စားသောက်ကြပါသည်။အုတ်လုပ်ငန်း တက်မြောက်သူများ အနည်းငယ် ရှိပြီး အခြားဒေသများသို့ ပွင့်လင်းရာသီများတွင် မိသားစုလိုက် သွားရောက်၍ (၄)လမှ (၅)လ နေပြီး လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ ကားပိုင်ဆိုင်သော အိမ်ထောင်စု အနည်းငယ်မှာလည်း ကားမောင်း လုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ပခုက္ကူမြို့နှင့် နီးသော်လည်း ဆံပင်၊မိတ်ကပ်၊ အလှပြင် သင်တန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းများ သွားရောက်သင်ကြားခြင်း မရှိသော ကြောင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေဆဲ ဖြစ်ပြီး လူငယ် လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးနေဆဲ ဖြစ်ပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

လယ်ယာကျေးရွာတွင် ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာ လူမှုအဖွဲ့ အစည်းစံနှုန်းများ အရ ကောင်းမွန်စွာ သတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျားနှင့်မ ကြား ပြင်း ထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုကိစ္စများ မတွေ့ရှိရပါ။ကျေးရွာတွင် လယ်ယာ လုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး ကျား၊မ လုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ စီမံ/အုပ်ချုပ်မှု စနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်မှု အသင့်အတင့် ရှိပါသည်။ အမျိုးသမီးများ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုများ အတွက် ဥပဒေနှင့်အညီ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ ဝိုင်းဝန်းကူညီ ဖြေရှင်း ပေးကြပါသည်။ရွာသူ/ရွာသားများသည် တစ်ဦး၏ အခက်အခဲများကို တစ်ဦးက ဝိုင်းဝန်းကူညီ ပေးကြပါသည်။သာရေး/နာရေးနှင့် ဘာသာရေးကိစ္စများတွင်လည်း လူငယ် ကျား/မများက ဝိုင်းဝန်း ကူညီ လုပ်ကိုင်ပေးကြပါသည်။ ကျေးရွာတွင် ဘွဲ့ရ အမျိုးသား (၁၀) ဦးနှင့် အမျိုးသမီး (၁၃) ဦး ရှိပါ သည်။ကျေးရွာ၏ လူငယ်အများစုသည် ကျပန်း လုပ်ကိုင်စားသောက်ကြသူများများပြားပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| အခြေခံအ ဆောက်အအုံ | စုရပ်ဆောင်တည်ဆောက်ခြင်း | ၁၀၀ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |
| အခြေခံအ ဆောက်အအုံ | ခြံစည်းရိုး | ၉၈ | ၂ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |
| လမ်းတံတား | ကျေးရွာတွင်းလမ်းပြုပြင်ခြင်း | ၉၀ | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |
| လူငယ်ဖွံ့ဖြိုး ရေး | စာကြည့်တိုက်တည်ဆောက်ခြင်း | ၈၀ | ၄ | ကျေးရွာကော်မတီအဖွဲ့မှ အလှူခံခြင်း နှင့် အလှူရှင် များ ရှာခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် | |
| အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | မူးယစ်ဆေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျေးရွာလူကြီးများမှ ထူးချွန်လိမ္မာသော လူငယ်များအား ဝိုင်းဝန်းချီးမြှောက်စေခြင်း | ၇၀ | ၅ | ကျေးရွာကော်မတီအဖွဲ့မှ ဦးဆောင်၍ လူငယ်များနှင့် စုပေါင်း၍ ဆောင်ရွက်ခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |

၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁ | စုရပ်ဆောင်တည်ဆောက်ခြင်း | ၁ | √ | | | | |
| ၂ | ခြံစည်းရိုး | ၂ | | √ | | | |
| ၃ | ကျေးရွာတွင်းလမ်းပြုပြင်ခြင်း | ၃ | | | √ | | |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၄ | | | | √ | |
| ၅ | မူးယစ်ဆေးအန္တရာယ်ကင်းရှင်းရေးအတွက်ကျေးရွာလူကြီးများမှ ထူးချွန်လိမ္မာသောလူငယ်များအား ဝိုင်းဝန်းချီးမြှောက်စေခြင်း | ၅ | | | | | √ |
| | | | | | | | |
| | | | | | | | |

## ၆။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု ၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | စုရပ်ဆောင်တည်ဆောက်ခြင်း | ၁၀၀ | | √ | | |
| ၂ | ခြံစည်းရိုး | | | √ | | |
| ၃ | ကျေးရွာတွင်းလမ်းပြုပြင်ခြင်း | | | √ | | |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်း | | | | √ | |
| ၅ | မူးယစ်ဆေးအန္တရာယ်ကင်းရှင်းရေးအတွက်ကျေးရွာလူကြီးများမှထူးချွန်လိမ္မာသောလူငယ်များအားဝိုင်းဝန်းချီးမြှောက်စေခြင်း | | | | √ | |

## ၇။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

လယ်ယာကျေးရွာ စုရပ်ဆောင်တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးလုပ်ငန်းအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့ အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၈။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း

အလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီး သည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report) ကို လူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါ မည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါ မည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါ သည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၆ | | ၂၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅၁ | ၅၀ | ၁၀၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇၈ | ၇၃ | ၁၅၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈၃ | ၁၀၅ | ၁၈၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၃၀ | ၅၁၉ | ၉၄၉ | ၁၀ | ၈ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၄၄ | ၇၁ | | |
| စုစုပေါင်း | | ၆၉၅ | ၇၉၁ | ၁၄၈၆ | ၁၀ | ၈ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၅၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုသနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၅၇) စု ရှိပြီး ကျား(၇၀၅) ဦး၊ မ(၇၉၉) ဦးဖြင့် လူဦးရေပေါင်း (၁၅၀၄) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် (၅) ဦးနှင့် ကိုက်ညီပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ (၅၀%) ခန့် ရှိပါသည်။ဒေသစီးပွားရေး တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅၀ | ၁၀၀ | ၅၀ | ၁၅၀ | ၅၀ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀၀ | | | ၅၀ | ၁၅၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | ၅ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂၀ | | ၁၀ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၃၀ | | ၂၅ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | ၅ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၁၅ | | ၁၅ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | | ၁၀ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | ၅ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၀ | | ၁၀ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅၀ | ၃၀၀ | | ၁၀၀ | ၂၀၀ | | ☒ |
